# အသိအမှတ်ပြုထားသည့်ဓာတ်ခွဲခန်းကို အသုံးပြုခြင်းဖြင့်၊ အစိုးရနှင့် ဥပဒေပြုမှုလုပ်ဆောင်သူများ အတွက် မည်သို့ အကျိုးရှိနိုင်ပါသနည်း။



ilac

ကမ္ဘာ့အနှံ့ ယုံကြည်စိတ်ချ

စမ်းသပ်စစ်ဆေးခြင်း–စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်း–
အရည်အသွေးစုံစမ်းစစ်ဆေးခြင်း

# အသိအမှတ်ပြုထားသည့်ဓာတ်ခွဲခန်း ကိုအသုံးပြုခြင်းဖြင့်၊အစိုးရနှင့်၊ ဥပဒေပြုမှုလုပ်ဆောင်သူများ အတွက် မည်သို့ အကျိုးရှိနိုင်ပါသနည်း။


အစိုးရအဖွဲ့အစည်းများနှင့် ဥပဒေပြုမှုလုပ်ဆောင်သူများသည်၊ အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြဲတစေ ဆုံးဖြတ်ချက်များ ချမှတ်ပေးရသည်-

- အများပြည်သူနှင့် စားသုံးသူတို့၏ ကျန်းမာရေးနှင့် လူမှုဘဝဖူလုံရေးအတွက် အကာအကွယ်ပေးရေး၊
- သဘာဝ ပါတ်ဝန်းကျင်ထိန်းသိမ်းရေး၊
- လုပ်ငန်းလိုအပ်ချက်များနှင့် နည်းဥပဒေသစ်များ ဖေါ်ထုတ်ရေးဆွဲရေး၊
- ဥပဒေပြုမှုနှင့် ဥပဒေကြောင်းအရ လိုအပ်ချက်များ၊ လိုက်နာကျင့်သုံးမှုကို တိုင်းတာရေး၊
- နည်းပညာနှင့် ငွေကြေးဆိုင်ရာလိုအပ်သည့်အရင်းအမြစ်များ ခွဲဝေချထားပေးရေး၊

မှန်ကန်သည့်နယ်ပယ်များတွင် ဆောင်ရွက်ပေးသည့်ဆုံးဖြတ်ချက်များချမှတ်နိုင်စေရန်အလို့ငှာ စမ်းသပ်စစ်ဆေးခြင်း၊ တိုင်းတာခြင်း သို့မဟုတ် စံဖြစ်တိုက်ကြည့်စစ်ဆေးခြင်းများ၊ ဓာတ်ခွဲခန်းများမှ ထွက်ပေါ်လာသော အချက်အလက်များအပေါ် ၎င်းတို့ယုံကြည်မှု အပြည့်အဝရှိရမည်ဖြစ်သည်။ အသိအမှတ်ပြုထားသည့် ဓာတ်ခွဲခန်းတစ်ခုကို အသုံးပြုခြင်းဖြင့် ဤသို့သော ယုံကြည်မှုကို အခိုင်အမာ ရရှိစေနိုင်ပါသည်။

ဓာတ်ခွဲခန်းတစ်ခုသည် လက်ခံအသိအမှတ်ပြုထားသည့် အသိအမှတ်ပြုအဖွဲ့တစ်ခုမှ အသိအမှတ်ပြုခံရပြီးချိန်တွင် ၎င်းသည် ရရှိထားသည့် စမ်းသပ်စစ်ဆေးခြင်း၊ တိုင်းတာခြင်း သို့မဟုတ် စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်းဆိုင်ရာ သတ်မှတ်နယ်ပယ်များတွင် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည် ကျွမ်းကျင်ပြည့်ဝသောအဆင့်တစ်ခုတွင်ရှိကြောင်း လက်တွေ့ပြသနိုင်ခြင်း ဖြစ်ပါသည်။ အစိုးရမှဆုံးဖြတ်ချက်ချမှတ်ရာတွင် ဓာတ်ခွဲခန်းမှ အရေးကြီးသည့်အပိုင်းများဖြစ်သော တိကျသော၊ ခြေရာခံစစ်ဆေးပြီးသော၊ ထပ်ခါတိုင်းတာစစ်ဆေးထားသောအချက်အလက်ကို ထုတ်ပေးနိုင်ကြောင်း ခိုင်မာသေချာမှုရှိခြင်းပင် ဖြစ်ပါသည်။






ကမ္ဘာ့အနှံ့ယုံကြည်စိတ်ချ
စမ်းသပ်စစ်ဆေးခြင်း–စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်း–
အရည်အသွေးစုံစမ်းစစ်ဆေးခြင်း



# နည်းဥပဒေကို အထောက်အကူဖြစ်စေသည့် အသိအမှတ်ပြုခြင်း

အသိအမှတ်ပြုထားသည့်ဓာတ်ခွဲခန်းကိုအသုံးပြုခြင်းဖြင့် အစိုးရနှင့် ဥပဒေပြုမှုလုပ်ဆောင်သူများ အတွက် အောက်ဖော်ပြပါ အကျိုးကျေးဇူးများရရှိနိုင်ပါသည်-

- အဓိကကျသော စိစစ်လေ့လာချက်များနှင့် ဆုံးဖြတ်ချက်များအတွက် အသုံးပြုသည့် အချက်အလက်များအပေါ် ယုံကြည်မှု တိုးလာစေခြင်း၊
- လူသားတို့၏ကျန်းမာရေး နှင့် သဘာဝပါတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်မှုပေးရန် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် မရေရာ မသေချာမှုများလျော့ကျစေခြင်း၊
- အသိအမှတ်ပြုခြင်းသည် လက်ခံအသိအမှတ်ပြုကြောင်း အတည်ပြုသည့် အမှတ်အသားတခု ဖြစ်သောကြောင့် အများပြည်သူလူထု ယုံကြည်အားထားမှုကို တိုးစေခြင်း၊
- အကဲဖြတ်စစ်ဆေးခြင်းလုပ်ငန်းစဉ်၏ အကျိုးဖြစ်မြောက်နိုင်မှု ပိုမိုလာခြင်းနှင့် ထပ်ခါတလဲ ပြန်လည်သုံးသပ်ချက်များကို ပါယ်ရှားနိုင်စေခြင်း (ထို့ကြောင့် ကုန်ကျစားရိတ်များကိုလည်း လျော့ကျစေနိုင်သည်)၊

အသိအမှတ်ပြုထားသည့် ဓာတ်ခွဲခန်းတခုကိုအသုံးပြုခြင်းဖြင့် အောက်ပါကိစ္စရပ်များအပေါ်တွင်လည်း ယုံကြည်မှု တိုးလာစေပါသည်-

- နှိုင်းယှဉ်သောအချက်အလက်များပေါ်တွင် အခြေခံသည့် မျိုးစုံသောလုပ်ဆောင်မှုများနှင့် စပ်လျဉ်းသည် ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊
- ကုန်ပစ္စည်းဖြန့်ဖြူးသူများထံ မှဝယ်ယူရရှိသည့် ကုန်ပစ္စည်းများသည် အန္တရာယ်ကင်းခြင်းနှင့် ယုံကြည်စိတ်ချရခြင်း၊
- ပြန်လည်စမ်းသပ်စစ်ဆေးရခြင်း၊ နမူနာပြန်ယူရခြင်းအစရှိသည့် ဓာတ်ခွဲခန်းပြဿနာများကြောင့် ဖြစ်ပေါ်လာသည် ကုန်ကျစရိတ်များနှင့် အချိန်ကြန့်ကြာမှုများကိုလျော့နည်းစေခြင်းနှင့်၊
- နည်းဥပဒေများနှင့်အညီ တိုက်ရိုက်အကျိုးသက်ရောက်နိုင်မှုအပေါ် မူတည်၍ မှားယွင်းသောလက္ခဏာများ နှင့် ဆိုးကျိုးများထွက်ပေါ်လာမှုကိုလျော့နည်းစေခြင်း။

အသိအမှတ်ပြုထားသည့် ဓာတ်ခွဲခန်းများကို အသုံးပြုခြင်းဖြင့် စီးပွားရေးတိုးတက်မှုနှင့် ကုန်သွယ်မှုကိုလည်း လွယ်ကူချောမွေ့စေပါသည်။ အသိအမှတ်ပြုခြင်းဆိုင်ရာလုပ်ငန်းစဉ်များသည် ဓာတ်ခွဲခန်းများ၏ စွမ်းဆောင်ရည်ပြည့်ဝ ကျွမ်းကျင်မှုကို ဆုံးဖြတ်ရန်အတွက် တူညီသော လမ်းကြောင်းတစ်ခုပေါ်တွင်မူတည်ပြီး အဆိုပါ လမ်းကြောင်းကို နယ်ခြားဖြတ်ကျော်မှုများတွင် လက်ခံအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြသည်။ ၎င်းသည် အမှန်စင်စစ် ကမ္ဘာအနှံ့ကျင့်သုံးသော စက်မှုလုပ်ငန်း ဆိုင်ရာ အလေ့အကျင့်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာမှ လက်ခံထားသော စမ်းသပ်စစ်ဆေးခြင်းနှင့် တိုင်းတာခြင်းဆိုင်ရာ အလေ့အကျင့်များကြောင့် အသိအမှတ်ပြုထားသော ဓာတ်ခွဲခန်းများမှ ထုတ်ပေးသည့်အချက်အလက်များသည် နိုင်ငံခြားဈေးကွက်များသို့တင်ပို့သော ကုန်ပစ္စည်းများကို ပိုမိုလွယ်ကူစွာလက်ခံနိုင်ရန်အတွက် ဦးတည်လာစေသည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် ကုန်ကျစရိတ်များကို လျှော့ချစေပြီး အခြားနိုင်ငံတွင် ပြန်လည်စမ်းသပ်စစ်ဆေးရန် လိုအပ်သော ကုန်ကျစရိတ်များကို လျှော့ချစေခြင်း သို့မဟုတ် ဖယ်ရှားပေးနိုင်ခြင်းဖြင့် ပို့ကုန်နှင့်သွင်းကုန်လုပ်ငန်းများကို လွယ်ကူစေ ပါသည်။

၂၀ရာစုရှိအသိအမှတ်ပြုခြင်းအစောပိုင်းကာလများတွင်  မိမိဆန္ဒအလျောက် လုပ်ဆောင်မှုအနေဖြင့် အဓိက တွေ့မြင်ခဲ့ရပါသည်။ ယခုအချိန်တွင် နိုင်ငံများစွာ၏ အစိုးရအဖွဲ့များသည် အသိအမှတ်ပြုခြင်းကို ကျယ်ပြန့်စွာ လက်ခံလာခဲ့ခြင်းဖြင့် အသိအမှတ်ပြုခြင်းသည် ၎င်းတို့၏လုပ်ငန်းတာဝန်များနှင့် ပြည်သူလူထု၏ ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ရည်မှန်းချက်များကို ပြည့်မီစေရန် အစိုးရကို အကူအညီဖြစ်စေသည့်အကျိုးကျေးဇူးများကို အစိုးရနှင့် ဥပဒေပြုမှုလုပ်ဆောင်သူများမှ ပို၍ ပို၍ ကြိုက်နှစ်သက်လာကြခြင်းဖြင့် များစွာသော ဥပဒေပြုမှုနယ်ပယ်များတွင် အသိအမှတ်ပြုခြင်းသည် မဖြစ်မနေ လုပ်ဆောင်ရန် လိုအပ်လာပါသည်။

ဥပမာအားဖြင့် အာရှ-ပစိဖိတ်ဒေသအတွင်းရှိ APEC - (အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့) အသိအမှတ်ပြုခြင်းကို အတည်ပြုထောက်ခံထားပြီး APLAC-အာရှ-ပစိဖိတ်ဓာတ်ခွဲခန်းအသိအမှတ်ပြုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အား APEC ၏ ဒေသတွင်းအထူးအဖွဲ့အစည်းအဖြစ်လက်ခံထားပါသည်။ ယခုအခါ APEC ၏ သဘောတူညီချက်များဆိုင်ရာ အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်းအစိတ်အပိုင်းများကို ကျောထောက်နောက်ခံပြု၍ အသိအမှတ်ပြုခြင်းကို အသုံးပြုကြပါသည်။

ilac
ကမ္ဘာ့အနှံ့ယုံကြည်စိတ်ချ
စမ်းသပ်စစ်ဆေးခြင်း–စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်း–
အရည်အသွေးစုံစမ်းစစ်ဆေးခြင်း



# နည်းဥပဒေကို အထောက်အကူဖြစ်စေသည့် အသိအမှတ်ပြုခြင်း

ထိုနည်းတူစွာ အာဆီယံ  (အရှေ့တောင်အာရှနိုင်ငံများအဖွဲ့)နှင့်၎င်း၏ အဖွဲ့ဝင် (၁၀)နိုင်ငံသည် အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသ၏ အကောင်အထည်ဖော်မှုကို လွယ်ကူချောမွေ့စေရန်နှင့် အဖွဲ့ဝင်နိုင်ငံတခုချင်းစီ၏ မဖြစ်မနေ ဆောင်ရွက်ရမည့်လိုအပ်ချက်များကို ပြည့်မီစေသည့်နည်းလမ်းအဖြစ် အသိအမှတ်ပြုခြင်းသည် လျှပ်စစ်နှင့် အီလက်ထရောနစ်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများအတွက် အာဆီယံ ကဏ္ဍဆိုင်ရာ MRA တွင် ပါဝင်ပါသည်။
ဥရောပတွင် ဥရောပနိုင်ငံအနှံ့အသိအမှတ်ပြုဝန်ဆောင်မှုများဆိုင်ရာ ပြဋ္ဌာန်းချက်အတွက် ဥပဒေမူဘောင်တစ်ခုက ထောက်ပံ့ပေးသည့်နည်းဥပဒေတစ်ခုကို ဥရောပသမဂ္ဂကောင်စီနှင့်ဥရောပပါလီမန်တို့က သဘောတူထားပါသည်။ နည်းဥပဒေသည် ဥပဒေပြဋ္ဌာန်းချက်အရ လိုအပ်သည့် အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်းနှင့် မိမိဆန္ဒအလျှောက် အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်းများကို အထောက်အကူပေးခြင်းတွင် အသိအမှတ်ပြုခြင်းဆိုင်ရာလုပ်ဆောင်ချက်သည် အပြည့်အဝအထောက်အပံ့ပေးပါသည်။ ထို့အပြင် မဖြစ်မနေလုပ်ဆောင်ရမည့် လိုအပ်ချက်များကို လိုက်နာကြောင်း ပြသရန် အသိအမှတ်ပြုခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်အရ နည်းဥပဒေတွင် လက်ခံအသိအမှတ်ပြုထားသော အသိအမှတ်ပြုခြင်း၏ အကျိုးရှိမှုကို အသိအမှတ်ပြုသည့် အနေဖြင့် အသုံးပြုလာကြပါသည်။
အမျိုးသားအဆင့် ဥရောပအသိအမှတ်ပြုခြင်းဆိုင်ရာ အခြေခံအဆောက်အအုံအတွက် ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့အစည်းကဲ့သို့ ဥရောပအသိအမှတ်ပြုခြင်းဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကိုလည်း အဆိုပါနည်းဥပဒေကလက်ခံအသိအမှတ်ပြုထားပါသည်။

အမေရိကန်ပြည်ထောင်စုတွင် ဒေသတဝှမ်း ဥပဒေပြုမှုလုပ်ဆောင်သူများနှင့်အစိုးရအဖွဲ့အစည်းများသည် အစားအသောက်ဘေးအန္တရယ်ကင်းရှင်းရေး၊ သဘာဝပါတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး၊ ကလေးကစားစရာများဘေးအန္တရယ် ကင်းရှင်းရေးနှင့် ကွန်ကရစ်၊ သံမဏိ၊ လျှပ်စစ်ထုတ်ကုန်များနှင့် အခြားထုတ်ကုန်များနှင့်ဝန်ဆောင်မှုအမျိုးအစားများ၏ အရည်အသွေးပြည့်မီစေရေးကဲ့သို့သော ကွဲပြားခြားနားသည့် နယ်ပယ်များတွင် ၎င်းတို့၏မဖြစ်မနေလိုက်နာရန် လိုအပ်သည့် လိုအပ်ချက်များပြည့်မီစေနိုင်ရန် အသိအမှတ်ပြုထားသည့် ဓာတ်ခွဲခန်းများမှ ရရှိသောရလဒ်များအပေါ် မှုတည်မှုများ တိုးပွားလျက်ရှိပါသည်။ အမေရိကန်ပြည်ထောင်စု  အသိအမှတ်ပြုခြင်းဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် အသိအမှတ်ပြုခြင်း၏ သဘောတရားများနှင့် အားသာချက်များကိုဖြန့်ဝေရန် ကတိပြုထားပြီး ဒေသတွင်း အသိအမှတ်ပြုအဖွဲ့များကို အပြည်ပြည်ဆိုင်ရာလိုအပ်ချက်များနှင့်အညီ တိကျမှုရှိစေရန် ၎င်းတို့၏ အစီအစဉ်များကို သေချာစွာလုပ်ဆောင်ရန်တာဝန်ရှိပါသည်။ အမေရိကန်ပြည်ထောင်စုတွင် ဒေသတွင်း အရည်အသွေးအခြေခံ အဆောက်အအုံအဖွဲ့အစည်း ၃ ဖွဲ့ဖြစ်သော  အသိအမှတ်ပြုခြင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(IAAC)၊ အမေရိကန်ပြည်ထောင်စုအတွင်းရှိတိကျစွာတိုင်းတာခြင်းနည်းပညာစနစ် (SIM) နှင့် အမေရိကန်ပြည်ထောင်စု တဝှမ်းလုံးရှိစံချိန်စံညွှန်းကော်မရှင် (COPANT)တို့သည် ၂၀၁၄ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၏ အရည်အသွေး အခြေခံအဆောက်အအုံကောင်စီ တည်ထောင်ရန်  နားလည်မှုစာချွန်လွှာ (MOU) ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ဒေသတဝှမ်းအဖွဲ့အစည်းများ ကအစိုးရတဖွဲ့ချင်းအတွင်းရှိ ပြည်တွင်းဥပဒေပြုမှုလုပ်ဆောင်သူများမှ အသိအမှတ်ပြုခြင်းကို အဓိကလက်ခံကြသည့်အတွက် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ကြီး၏ အဖွဲ့ဝင်နိုင်ငံများကလည်း ကုန်သွယ်မှုကိုအဟန့်အတားဖြစ်စေသည့် နည်းပညာအတားအဆီးများဆိုင်ရာသဘောတူညီချက် ( Technical Barriers to Trade Agreement-TBT Agreement )နှင့် လူ၊ တိရိစ္ဆာန်၊ အပင်ကျန်းမာရေးနှင့် အစားစာဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာသဘောတူညီချက် (Sanitary and Phyto Sanitary Agreement - SPS Agreement )ကို လိုက်နာရမည့်တာဝန်များကို လုပ်ဆောင်ရန် ကူညီပေးပါသည်။

အသိအမှတ်ပြုခြင်းသည် အစိုးရဌာနများနှင့် ဥပဒေပြုမှုလုပ်ဆောင်သူများအား မည်သို့အကျိုးပြုသည်ကို ဥပမာများ နှင့်လည်း ဖော်ပြထားသည်ကို  publicsectorassurance.org. တွင်  ကြည့်ရှုနိုင်ပါသည်။

ilac
ကမ္ဘာ့အနှံ့ယုံကြည်စိတ်ချ
စမ်းသပ်စစ်ဆေးခြင်း–စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်း–
အရည်အသွေးစုံစမ်းစစ်ဆေးခြင်း



# ဓာတ်ခွဲခန်းအသိအမှတ်ပြုခြင်းကို မည်သို့လုပ်ဆောင်သနည်း။

အသိအမှတ်ပြုခြင်းသည် နိုင်ငံတစ်ခုအတွင်းရှိအမျိုးသားအဆင့် ဥပဒေအရ လက်ခံအသိအမှတ်ပြုထားသော အသိအမှတ်ပြုအဖွဲ့မှ ထောက်ပံ့ပေးခြင်း ဖြစ်သည်။ ILAC MRA ခေါ် အပြည်ပြည်ဆိုင်ရာ ဓာတ်ခွဲခန်းအသိအမှတ်ပြု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးထားသည့် နိုင်ငံအများအပြားတွင် အသိအမှတ်ပြုအဖွဲ့ များစွာရှိသည်။ အသိအမှတ်ပြုအဖွဲ့ တည်ထောင်ထားခြင်းမရှိသော ဖွံ့ဖြိုးဆဲနိုင်ငံအချို့တွင် ဓာတ်ခွဲခန်းများသည် အခြားနိုင်ငံများရှိ တည်ထောင်ထားပြီးသော အသိအမှတ်ပြုစနစ်တစ်ခုမှ အသိအမှတ်ပြုခြင်းကို ခံယူရရှိ နိုင်ပါသည်။

အသိအမှတ်ပြုအဖွဲ့မှနည်းပညာဆိုင်ရာ ကျွမ်းကျင်သောအကဲဖြတ်စစ်ဆေးသူများသည် ဓာတ်ခွဲခန်းတစ်ခုမှ စမ်းသပ်စစ်ဆေးခြင်း သို့မဟုတ် စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်းဆိုင်ရာ အချက်အလက်များ ထုတ်ပေးရာတွင် ဓာတ်ခွဲခန်းအလေ့အကျင့်များ၊ ဝန်ထမ်းများနှင့် အသုံးပြုသည့်စက်ပစ္စည်းကရိယာများအား အကျိုးသက်ရောက်စေသည့် အချက်များ အားလုံးပေါ်တွင် စေ့စပ်သေချာ စွာအကဲဖြတ်ဆန်းစစ်ကြသည်။ ထိုသို့အကဲဖြတ်ဆန်းစစ်ရာတွင် သီးခြားသတ်မှတ်ထားသည့် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများဖြစ်သော ISO/ IEC 17025 သို့မဟုတ် ဆေးပညာဆိုင်ရာဓာတ်ခွဲခန်းများအတွက် ISO 15189 စံချိန်စံညွှန်းများအပေါ်တွင်အခြေခံထားပြီး ကမ္ဘာအနှံ့အပြားရှိဓာတ်ခွဲခန်းများအား အကဲဖြတ်ဆန်းစစ်ခြင်းအတွက် အသုံးပြုကြသည်။

အသိအမှတ်ပြုခံထားရသည့်ဓာတ်ခွဲခန်းများသည် နည်းပညာဆိုင်ရာကျွမ်းကျင်မှုကို စံချိန်စံညွှန်းများနှင့်အညီ ထိန်းသိမ်းထားကြောင်း သေချာစေရန် ပုံမှန်ပြန်လည်စစ်ဆေးခံကြရသည်။ ဓာတ်ခွဲခန်းများသည် ၎င်းတို့စွမ်းဆောင်ရည် ပြည့်ဝကျွမ်းကျင်မှုကို ဆက်လက်ထိန်းသိမ်းထားကြောင်းသက်သေပြသည့်အနေနှင့် ပုံမှန်ပြုလုပ်သည့် ဓာတ်ခွဲခန်း ကျွမ်းကျင်မှုစစ်ဆေးရေး အစီအစဉ်များတွင် ပါဝင်ရန်လိုအပ်ပါသည်။

အစိုးရဌာနများမှကိုယ်စားလှယ်များသည် အသိအမှတ်ပြုစနစ်အပေါ် ၎င်းတို့၏ ယုံကြည်မှုကို ထိန်းသိမ်းထားနိုင်ရန် ဆက်လက်ဆောင်ရွက်နေသောအကဲဖြတ်စစ်ဆေးခြင်းများတွင် ၎င်းတို့၏ ရွေးချယ်မှုဖြင့် ပါဝင်နိုင်ကြပါသည်။

ISO 9001 အရည်အသွေးထောက်ခံချက်လက်မှတ်နှင့် ဓာတ်ခွဲခန်းအသိအမှတ်ပြုခြင်း မည်သို့ကွာခြားသနည်း။ ISO 9001 အရည်အသွေးထောက်ခံချက်လက်မှတ်သည် ဓာတ်ခွဲခန်းတခု၏ အရည်အသွေးစီမံခန့်ခွဲမှုစနစ်ကို အသိအမှတ်ပြုခြင်းဖြစ်ပြီး ဓာတ်ခွဲခန်းတစ်ခု၏ နည်းပညာဆိုင်ရာစွမ်းဆောင်ရည်ပြည့်ဝကျွမ်းကျင်မှုကို ထည့်သွင်းစဉ်းစားခြင်းမရှိပေ။ ဓာတ်ခွဲခန်းအသိအမှတ်ပြုခြင်းသည် နည်းပညာဆိုင်ရာစွမ်းဆောင်ရည်ပြည့်ဝကျွမ်းကျင်မှုကို ပိုင်းခြားဆုံးဖြတ်ရန်အတွက် သီးခြားသတ်မှတ်ထားပြီးသော စံသတ်မှတ်ချက်များ၊ လုပ်ငန်းအစီအစဉ်များကို အသုံးပြု၍တဆင့်တိုး လုပ်ဆောင်ရခြင်းဖြစ်သည်။

## အသိအမှတ်ပြုခံထားရသည့်ဓာတ်ခွဲခန်းကိုမည်သို့တွေ့ရှိနိုင်သနည်း။

အပြည်ပြည်ဆိုင်ရာ ဓာတ်ခွဲခန်းအသိအမှတ်ပြုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏အပြန်အလှန်အသိအမှတ်ပြုအစီအစဉ် (ILAC MRA)တွင် အဖွဲ့ဝင်အဖြစ်လက်မှတ်ရေးထိုးထားသည့် အသိအမှတ်ပြုအဖွဲ့တစ်ဖွဲ့ မိမိနိုင်ငံတွင် ရှိကြောင်း ရှာဖွေနိုင်ရန်အတွက် လက်ခံအသိအမှတ်ပြုထားသည့် အသိအမှတ်ပြုအဖွဲ့တစ်ဖွဲ့အား သက်မှတ်ဖော်ပြသည် လက်မှတ်ရေးထိုး အဖွဲ့ဝင် ရှာဖွေရွေးချယ်မှုကို အသုံးပြုပြီး ILAC ၏ website - www.ilac.org တွင်ကြည့်ရှုနိုင်ပါသည်။

နိုင်ငံအများစုရှိ အသိအမှတ်ပြုအဖွဲ့များသည် ၎င်းတို့အသိအမှတ်ပြုထားသော ဓာတ်ခွဲခန်းများ စာရင်း သို့မဟုတ် လမ်းညွှန်ချက်များထုတ်ပြန်လေ့ရှိပြီး ဓာတ်ခွဲခန်းများ၏ ဆက်သွယ်ရန်လိပ်စာနှင့်သီးခြားစမ်းသပ်စစ်ဆေးပေးနိုင်သည့်များကိုပါ ထည့်သွင်းဖေါ်ပြကြသည်။ နိုင်ငံများစွာတွင် အသိအမှတ်ပြုဓာတ်ခွဲခန်းများအား လမ်းညွှန်ရန် ILAC website ၌ link များပါဝင်သည်။ အသိအမှတ်ပြုအဖွဲ့များသည် စမ်းသပ်စစ်ဆေးခြင်းနှင့် စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်းများ လုပ်ဆောင်နိုင်ရန်လိုအပ်သည့် ၎င်းတို့အသိအမှတ်ပြုထားသော ဓာတ်ခွဲခန်းများကိုသတ်မှတ်ဖော်ပြခြင်းဖြင့် အကူအညီပေးနိုင်သည်။



# ဓာတ်ခွဲခန်းများကို ရွေးချယ်သည့်အခါ မည်သည့်အချက်များ အရေးကြီးပါသနည်း။

စမ်းသပ်စစ်ဆေးခြင်း၊ စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်း သို့မဟုတ် တိုင်းတာခြင်း များပြုလုပ်ရန် ဓာတ်ခွဲခန်းများကို ရွေးချယ်သည့်အခါ ယင်းဓာတ်ခွဲခန်းမှ တိကျမှန်ကန်ပြီး ယုံကြည်စိတ်ချရသောအဖြေများ ထုတ်ပေးနိုင်ကြောင်း သေချာမှုရှိရန် လိုအပ်ပါသည်။

အသိအမှတ်ပြုခံထားရသောဓာတ်ခွဲခန်းသည် စမ်းသပ်စစ်ဆေးခြင်း၊ စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်း သို့မဟုတ် တိုင်းတာခြင်း လုပ်ငန်းစဉ်များအတွက်စာရင်းအား ဓာတ်ခွဲခန်း၏အသိအမှတ်ပြုနယ်ပယ်တွင် သီးခြားသတ်မှတ်ထားပြီး ဓာတ်ခွဲခန်း၏ တောင်းဆိုမှုအပေါ်  ထောက်ပံ့ပေးခြင်း သာမက အသိအမှတ်ပြုအဖွဲ့မှထုတ်ပေးထားသော အသိအမှတ်ပြုခံထားရသော ဓာတ်ခွဲခန်းများ၏လမ်းညွှန်ချက်များတွင် ထည့်သွင်းဖော်ပြထားပါသည်။

မိမိလုပ်ဆောင်ရန်လိုအပ်သည့် သီးခြားသတ်မှတ်လုပ်ငန်းအတွက် အသိအမှတ်ပြုခံထားရသောဓာတ်ခွဲခန်းဖြစ်ကြောင်း စစ်ဆေးသင့်ပါသည်။


အသိအမှတ်ပြုခံထားရသောဓာတ်ခွဲခန်းသည် အသိအမှတ်ပြုခြင်းဖြင့်အကျုံးဝင်သောလုပ်ငန်းကို လုပ်ဆောင်သည့်အခါ ၎င်းတို့တွင် စမ်းသပ်စစ်ဆေးခြင်း သို့မဟုတ် စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်းဆိုင်ရာအစီရင်ခံစာအပေါ်၌ အသိအမှတ်ပြု သင်္ကေတ သို့မဟုတ် လက်မှတ်ရေးထိုးဖော်ပြချက်  အမြဲတမ်း ပါဝင်ပါသည်။

နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်ပြည့်ဝကျွမ်းကျင်မှုသည် အောက်ပါအချက်အလက်များ အပေါ်မူတည်နေသည်-

- ဝန်ထမ်းများ၏ အရည်အချင်း၊ သင်တန်း နှင့်အတွေ့အကြုံ၊
- သေချာစွာ စံဖြင့်တိုက်ကြည့်စစ်ဆေးထိန်းသိမ်းထားသည့်၊ မှန်ကန်သောပစ္စည်းကရိယာ၊
- အရည်အသွေးကိုအာမခံနိုင်သည့်  ပြည့်စုံသောလုပ်ငန်းစဉ်များ၊
- ပုံမှန်နမူနာပစ္စည်းရယူသည့်အလေ့အကျင့်၊
- သင့်လျော်သောနှင့်အကျုံးဝင်သော စမ်းသပ်စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့် နည်းလမ်းများ
- တိုင်းတာချက်များကိုအမျိုးသားအဆင့်စံချိန်စံညွှန်းများနှင့်ကွင်းဆက်မပြတ်ခြေရာခံတိုက်ဆိုင်စစ်ဆေးခြင်း၊
- တိကျစွာမှတ်တမ်းထားရှိခြင်း၊ အစီရင်ခံစာတင်ပြခြင်းဆိုင်ရာလုပ်ငန်းစဉ်များ၊
- စမ်းသပ်စစ်ဆေးရန် သင့်လျော်သည့် အထောက်အပံ့ပစ္စည်း တို့ဖြစ်ပါသည်။

အထက်ပါအချက်များသည် မိမိပြုလုပ်လိုသည့် စမ်းသပ်စစ်ဆေးမှုအတွက် ဓာတ်ခွဲခန်းတစ်ခု၏ နည်းပညာဆိုင်ရာ စွမ်းဆောင်ရည် ပြည့်ဝကျွမ်းကျင်မှုကို အထောက်အပံ့ဖြစ်စေပါသည်။





ilac ကမ္ဘာ့အနှံ့ယုံကြည်စိတ်ချ
စမ်းသပ်စစ်ဆေးခြင်း–စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်း–
အရည်အသွေးစုံစမ်းစစ်ဆေးခြင်း

# မည်သည့်နေရာမှ သတင်းအချက်အလက်ပို၍ရနိုင်မည်နည်း။

ILAC ဟုခေါ်တွင်သော အပြည်ပြည်ဆိုင်ရာ ဓာတ်ခွဲခန်းအသိအမှတ်ပြု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည်၊ အသိအမှတ်ပြုအဖွဲ့(ABs)များအကြား ILAC Arrangement ခေါ်၊ ကမ္ဘာ့အနှံ့အပြန်အလှန်လက်ခံအသိအမှတ်ပြုမှုအစီအစဉ် ဆောင်ရွက်ပေးခြင်းဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေပြီး၊ ဥပဒေပြုမှုလုပ်ဆောင်သူများအား ကူညီပံ့ပိုးပေးပါသည်။ ဤသို့လုပ်ဆောင်ပေးရသည့်အကြောင်းရင်းမှာ ILAC အဖွဲ့ဝင်များက အသိအမှတ်ပြုထားသော ဓာတ်ခွဲခန်းများနှင့် အရည်အသွေးစုံစမ်းစစ်ဆေးရေးအဖွဲ့များ စသည့် အရည်အသွေးကိုက်ညီမှုစစ်ဆေးရေးအဖွဲ့များက ထုတ်ပေးသည့် အချက်အလက်များနှင့် စမ်းသပ်စစ်ဆေးခြင်းရလဒ်များကို တကမ္ဘာလုံး လက်ခံရန်အတွက်ဖြစ်ပါသည်။ ယခုကဲ့သို့ လက်ခံခြင်းဖြင့် ပြည်ပနိုင်ငံအသစ်တစ်ခုသို့ အဆိုပါစစ်ဆေးထားသည့် ထုတ်ကုန်ပစ္စည်းများရောက်ရှိရာတွင် ပြန်လည်စမ်းသပ်စစ်ဆေးရသည့် အချိန်ကိုလျှော့ချနိုင်ခြင်းဖြင့် နည်းပညာဆိုင်ရာကုန်သွယ်မှုအတားအဆီးများကို လျှော့ချနိုင်ပြီး၊ "အသိအမှတ်ပြုလွှာတစ်ကြိမ်ရ၊ နေရာတိုင်းတွင်လက်ခံကြ" ဆိုသည့် လွတ်လပ်စွာကုန်သွယ်မှု၏ ဦးတည်ချက်ကို အကောင်အထည်ဖော်နိုင်ရန် အထောက်အကူဖြစ်စေပါသည်။

ထိုမျှမက အသိအမှတ်ပြုခြင်းသည် အသိအမှတ်ပြုခံထားရသည့်အရည်အသွေးကိုက်ညီမှု စစ်ဆေးရေးအဖွဲ့များ-CABs များမှ ၎င်းတို့ အသိအမှတ်ပြုခံထားရသည့်နယ်ပယ်အတွင်း စွမ်းဆောင်ရည်ကျွမ်းကျင်ပြည့်ဝစွာဆောင်ရွက်နိုင်ကြောင်း သေချာစေခြင်းဖြင့် စီးပွားရေး လုပ်ငန်းများနှင့် သုံးစွဲသူများအတွက် မမျှော်မှန်းနိုင်သည့် ဘေးအန္တရာယ်ကို လျှော့ချပေးပါသည်။

ထို့အပြင် ဥပဒေပြုမှုလုပ်ဆောင်သူများသည် ညစ်ညမ်းမှုကင်းသည့် သဘာဝပါတ်ဝန်းကျင်၊ ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာ၊ သန့်ရှင်းသောရေ၊ စွမ်းအင်၊ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်နိုင်ရေး အစရှိသည့် အများပြည်သူအကျိုးပြုဝန်ဆောင်မှု လုပ်ငန်းများလုပ်ဆောင်နိုင်ရန်အတွက် အသိအမှတ်ပြုပေးထားသည့်ရလဒ်များကို ပိုမိုကျယ်ပြန့်စွာ အသုံးပြုနေကြပါသည်။

အပြည်ပြည်ဆိုင်ရာ ဓာတ်ခွဲခန်း အသိအမှတ်ပြုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့-(ILAC) အဖွဲ့ဝင်များသည် အသိအမှတ်ပြုအဖွဲ့များနှင့် ၎င်းတို့အသိအမှတ်ပြုထားသော အရည်အသွေးကိုက်ညီမှုစစ်ဆေးရေးအဖွဲ့များသည် သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့် အဆိုပါစံချိန်စံညွှန်းများကို တသမတ်တည်းဖြစ်စေရန်အတွက် ILAC တွင် ဖော်ပြထားသော လျှောက်ထားခြင်းဆိုင်ရာ အချက်အလက်များနှင့်အညီ လုပ်ဆောင်ရန်လိုအပ်ပါသည်။

ILAC သည် ဓာတ်ခွဲခန်းများ၊ အရည်အသွေးစုံစမ်းစစ်ဆေးရေးအဖွဲ့များ၊ ဓာတ်ခွဲခန်း ကျွမ်းကျင်မှုစစ်ဆေးခြင်းဆိုင်ရာ ထောက်ပံ့သူများနှင့် အညွှန်းပစ္စည်းထုတ်လုပ်သူများအား အသိအမှတ်ပြုခြင်းအတွက် ကမ္ဘာအနှံ့အပြားရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အဖွဲ့ဝင်ထားသော အသိအမှတ်ပြုအဖွဲ့များပါဝင်သည့် တကမ္ဘာလုံးဆိုင်ရာအသင်းအဖွဲ့ဖြစ်သည်။

ILACသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နေသော ကိုယ်စားပြုအဖွဲ့ဖြစ်ပါသည်-

- အသိအမှတ်ပြုခြင်း အလေ့အကျင့်များနှင့် လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်မှု၊
- အသိအမှတ်ပြုခြင်းသည် ကုန်သွယ်မှု လွယ်ကူချောမွေ့စေခြင်းကို တိုးမြှင့်ပေးခြင်း၊
- ပြည်တွင်းနှင့် အမျိုးသားအဆင့် ဝန်ဆောင်မှုများဆိုင်ရာ ပြဌာန်းချက်များကို ထောက်ပံ့ပေးခြင်း၊
- အသိအမှတ်ပြုခြင်းစနစ်များ ဖွံ့ဖြိုးလာစေရန် ထောက်ပံ့ခြင်း၊
- ကမ္ဘာတဝှမ်းရှိ စွမ်းဆောင်ရည်ပြည့်ဝကျွမ်းကျင်သော စမ်းသပ်စစ်ဆေးခြင်း (ဆေးပညာဆိုင်ရာအပါအဝင်)နှင့် စံဖြင့်တိုက်ကြည့် စစ်ဆေးပေးသည့်ဓာတ်ခွဲခန်းများ၊ အရည်အသွေးစုံစမ်းစစ်ဆေးရေးအဖွဲ့များ၊ဓာတ်ခွဲခန်း ကျွမ်းကျင်မှုစစ်ဆေးခြင်းဆိုင်ရာ ထောက်ပံ့သူများနှင့် အညွှန်းပစ္စည်းထုတ်လုပ်သူများအားလက်ခံ အသိအမှတ်ပြုမှု တို့ဖြစ်သည်။

ဤလုပ်ငန်းများအကောင်အထည်ဖေါ်ရာတွင် ILAC သည် အခြားသက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ တက်ကြွစွာပူးပေါင်းဆောင်ရွက်သည်။

အသိအမှတ်ပြုအဖွဲ့များသည် ILAC အစီအစဉ်တွင် လက်မှတ်ရေးထိုးခြင်းမပြုမီ ILAC စည်းမျဉ်းစည်းကမ်းနှင့် လုပ်ငန်းစဉ်များကို အသုံးပြု၍ တရားဝင်တည်ထောင်ထားပြီး လက်ခံအသိအမှတ်ပြုထားသော ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များမှတဆင့်၊ ရည်တူအကဲဖြတ်ဆန်းစစ်ခြင်းပေါ်တွင်မူတည်၍ ILAC အစီအစဉ်တွင် လက်မှတ်ရေး ထိုးနိုင်ခွင့်ရရှိကြပါသည်။

ilac
ကမ္ဘာ့အနှံ့ယုံကြည်စိတ်ချ
စမ်းသပ်စစ်ဆေးခြင်း–စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်း–
အရည်အသွေးစုံစမ်းစစ်ဆေးခြင်း

ILAC website တွင် အသိအမှတ်ပြုခြင်း၊ အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေခြင်း အကြောင်းအရာများဆိုင်ရာ သတင်းအချက် အလက်များနှင့်အဖွဲ့ဝင်များ၏ဆက်သွယ်ရန် လိပ်စာများကိုလည်း ဖော်ပြထား ပါသည်။ ထို့ပြင် လေ့လာတွေ့ရှိချက်များနှင့် လွတ်လပ်သော သုတေသနပြုခြင်းမှတဆင့် ဥပဒေပြုမူလုပ်ဆောင်သူများနှင့် အစိုးရကဏ္ဍတွင် အသိအမှတ်ပြုခံထားရသည့် အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း၏ တန်ဖိုးရှိမှုကို ဖော်ပြထားသည့် **www.publicsectorassurance.org** တွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။


သတင်းအချက်အလက်များပိုမိုသိရှိလိုပါကဆက်သွယ်ရန်

**The ILAC Secretariat**

စာတိုက်သေတ္တာအမှတ် 7507
Silverwater
NSW 2128
ဩစတေးလျ

ဖုန်း: +61 2 9736 8374
အီးမေးလ်:ilac@nata.com.au
ဝဘ်ဆိုဒ်: www.ilac.org

@ILAC_Official

https://www.youtube.com/user/IAFandILAC



© မူပိုင် ILAC ၂၀၁၅

ပညာရေးအတွက်ဖြစ်စေ၊ စံချိန် စံညွှန်းသတ်မှတ်ခြင်းအတွက်ဖြစ်စေ၊ အသိအမှတ်ပြုလုပ်ငန်းများအတွက်ဖြစ်စေ (သို့မဟုတ်) ILAC၏ ကျွမ်းကျင်မှုကဏ္ဍ၊ လုပ်ငန်းဆောင်ရွက်မှုကဏ္ဍများနှင့် ဆက်နွယ်နေသည့်ကိစ္စများအတွက်ဖြစ်စေ ILAC မှ ထုတ်ပြန်ထားသည့် စာရွက်စာတန်းများမှ စာသားအားလုံးကိုသော်လည်းကောင်း၊ တစိပ်တဒေသကိုသော်လည်းကောင်း ခွင့်ပြုချက်ရယူပြီး ဆင့်ပွားကူးယူအသုံးပြုခြင်းကို ILAC အနေ နှင့် အားပေးသည်။ ဤသို့ဆင့်ပွားကူးယူထားသည့် စာရွက်စာတန်းများပေါ်တွင် ILAC ၏ ပံ့ပိုးမှုကို အသိအမှတ်ပြုကြောင်း ရေးသားဖော်ပြထားရမည်။


ကမ္ဘာ့အန်နုံယုံကြည်စိတ်ချ
စမ်းသပ်စစ်ဆေးခြင်း–စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်း–
အရည်အသွေးစုံစမ်းစစ်ဆေးခြင်း

Translated from ILAC B3:10/2015